
mgyoe.com SAMPLE BOOK



ပန်းရွှေပြည်စာအုပ်တိုက်

# သူဌေးဖေဖေ ဆင်းရဲဖေဖေ

ညီညီနိုင်


# RICH DAD POOR DAD

Robert T-Kiyosaki

mgyoe.com

mgyoe.com SAMPLE BOOK

# သူဌေးဖေဖေ ဆင်းရဲဖေဖေ




ညီညီနိုင်

## RICH DAD POOR DAD

Robert T-Kiyosaki

- အလုပ်ကို အပတ်တကုတ် ကျုံးရုန်းပြီးလုပ်တာဟာ မပြေလည်မှု ပြဿနာတွေရဲ့ အကောင်းဆုံး အဖြေလား။ (၈ - ၈၉)
- မိဘဆင်းရဲသားတွေ လူလတ်တန်းစားတွေဟာ ငွေအတွက်အလုပ်လုပ်ကြတယ်။
- သူဌေးတွေကတော့ ငွေကို သူတို့အတွက် အလုပ်လုပ်ခိုင်းတယ်။
- ငွေကို အလေးမထိုက်ဘူးဆိုရင် ဘာလို့ အလုပ်လုပ်နေကြသေးလဲ။ ဒီလို တွေးခေါ်တွေးနည်းဟာ ငွေတစ်ပြားကို နှစ်ပြားမှတ်ပြီးသွားနေတဲ့ ဦးကပ်စေးတော ထက်တောင် ပိုပြီးရှုပ်ထွေးသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၅၀၀ ကျပ်

၁၀၀၀ အုပ်

ဒုတိယအကြိမ်
၂၀၁၆ ခုနှစ် ဧပြီလ

မျက်နှာဖုံး
စန္ဒာ

အတွင်းပုံများ
အာကာ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)၊
စုပုံနှိပ်တိုက်၊
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုအမှတ် ၂၀၆ / ၂၀၀၃ (၂)
အဖုံးခွင့်ပြုအမှတ် ၂၅၃ / ၂၀၀၃ (၂)


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# သူဌေးဖေဖေ
# ဆင်းရဲဖေဖေ

ညီညီနိုင်

---

# RICH DAD POOR DAD

*Robert T. Kiyosaki*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၇ |
| အခန်း-၁ | ၁၃ |
| အခန်း-၂ | ၃၃ |
| အခန်း-၃ | ၁၀၇ |
| အခန်း-၄ | ၁၁၇ |
| အခန်း-၅ | ၁၃၃ |


mgyoe.com

mgyoe.com SAMPLE BOOK


# နိဒါန်း

mgyoe.com

mgyoe.com
SAMPLE BOOK

လူချမ်းသာ၏
ငွေကောင်းသမျှ
ရသော
အကျိုးအမြတ်

လူချမ်းသာတွေဟာ ကျွန်တော်တို့ သိထားတဲ့ စည်းကမ်းချက်တွေထက် သာလွန်ပြီး တစ်မူထူးခြားတဲ့ စည်းကမ်းချက်တွေကို လိုက်နာကျင့်သုံးကြပါတယ်။

ကျွန်တော်တို့အများစုဟာ တစ်ခုတည်းသော စည်းကမ်းချက်တွေနှင့်အတူ ကြီးပြင်းခဲ့ကြတယ်လေ။ ကျောင်းသွား၊ ဘွဲ့ကောင်းကောင်းတွေယူ၊ လုံခြုံစိတ်ချရပြီး အာမခံချက်ရှိတဲ့ အလုပ်တစ်ခုရှာ၊ အသေအလဲလုပ်၊ ငွေစုဘဏ်မှာ ငွေစာရင်းဖွင့်၊ ကားကောင်းကောင်းလေး စီး စသည်ဖြင့်... စသည်ဖြင့်... စသည်ဖြင့်...

ဒါဟာ... အမေရိကန်အိပ်မက်ကို အရောက် လှမ်းတဲ့ နည်းလမ်းပဲလို့ ကျွန်တော် တို့အားလုံး သင်ကြားခဲ့ရတာပဲ။

ဒါပေမယ့် လူချမ်းသာတွေကတော့ ကွဲပြားခြားနားတဲ့ ဥပဒေသတစ်စုံတစ်ရာကို လိုက်နာကျင့်သုံးပါတယ်။ ဒီလိုနှင့် သူတို့ဟာ ကျွန်တော်တို့တစ်တွေ မော်ကြည့်ရပြီး ဖြူသလား၊ မည်းသလား မသိတဲ့ ကမ္ဘာတစ်ခုမှာ အငြိမ့်သား စံစားနေကြပါတော့တယ်။



mgyoe.com

ချမ်းသာသူတွေအနေနှင့် အခွန်အတုတ်ကို လျှော့ပေးရပြီး၊ သူတို့ရဲ့ဘဝကိုလည်း ငွေတွေဒလဟော စီးဝင်နေအောင် ဖန်တီးထားကြပါတယ်။

တစ်ချိန်တည်းမှာ သူတို့ရဲ့ငွေတွေကို အကျိုးအမြတ်ပိုထွက်တဲ့ နေရာတွေမှာ အသုံးပြုကြပြန်လေရဲ့။

တစ်နည်းပြောရရင် ချမ်းသာရေးစည်းကမ်းတွေ၊ နည်းလမ်းတွေဟာ သူတို့ကို ချမ်းသာသည်ထက် ချမ်းသာစေတော့တာပဲပေါ့။

အမေရိကန်မှာ ရှယ်ယာအားလုံးရဲ့ ကိုးဆယ်ရာခိုင်နှုန်းကို အချမ်းသာဆုံး အိမ်ထောင်စု ဆယ်ရာခိုင်နှုန်းကပဲ ကိုင်ထားတယ်ဆိုတာကော မိတ်ဆွေသိပါရဲ့လား။

စစ်စစ်ပေါက်ပေါက် လိုက်ကြည့်ရင် ထိပ်တန်းစာရင်းဝင် ဆယ်ရာခိုင်နှုန်းဟာ အမေရိကန်တစ်နိုင်ငံလုံးရဲ့ ရှိရှိသမျှ ကြွယ်ဝချမ်းသာမှုတွေကို ၁၉၈၃ ခုနှစ်မှာ ၆၈ ရာခိုင်နှုန်း ပိုင်ဆိုင်ခဲ့ရာက၊ ၁၉၉၇ ခုနှစ်မှာ ၇၃ ရာခိုင်နှုန်းအထိ တိုးတက်ပိုင်ဆိုင်ခဲ့ကြတာ တွေ့ရပါလိမ့်မယ်။

ဒီအခိုပ္ပာယ်က လူချမ်းသာတွေဟာ ချမ်းသာသည်ထက် ပို ချမ်းသာလာကြသလို၊ လူလတ်တန်းစားတွေကတော့ လူချမ်းသာတွေ နေပုံထိုင်ပုံကို အတုခိုးအမှီလိုက်ဖို့ ကြိုးစားရင်းကပဲ ကြွေး လည်ပင်း ခိုက်ကုန်ကြရတာပါပဲ။ တကယ်မချမ်းသာဘဲ သူဌေးဂိုက်


mgyoe.com

mgyoe.com SAMPLE BOOK

ဖမ်းတာဟာ တကယ့် သူဌေးတွေကို ပိုဌေးစေရုံပဲ ရှိပါတယ်။ 'သူဌေး ကြေးပုံ့'ဆိုတာ အဲဒါမှ အစစ်။

ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးလို့ မီလျံနာကြီးဖြစ်ခဲ့တဲ့ ရောဘတ် ကီယိုဆာကီဟာ အဲဒီထက်ပိုကောင်းတဲ့ နည်းတစ်ခုကို တွေ့ရှိခဲ့ပါတယ်။ အဲဒါကတော့ သူ့သူဌေးဖေဖေရဲ့ လျှို့ဝှက်ချက်တွေပဲပေါ့။

သူရဲ့ သူဌေးဖေဖေဟာ သူ့ကို ငွေတွေပေးခဲ့တာ မဟုတ်ပါဘူး။

ဒါပေမယ့် အကြီးအကျယ် ချမ်းသာစေတဲ့ သူ့လျှို့ဝှက်ချက်တွေကိုသာ ပေးခဲ့တာပါ။

ရောဘတ်ဟာ (လာမယ့် စာမျက်နှာမှာ ခင်ဗျား ဖတ်ရတော့မယ့်အတိုင်း) မြင့်မားတဲ့ဝင်ငွေ မပါဘဲနှင့် ချမ်းသာမယ့်နည်းလမ်းတွေကို တွေ့ရှိခဲ့ပါပြီ။

ခင်ဗျားအတွက် လုံးဝလိုအပ်တာကတော့ 'ငွေကြေးနှင့်ပတ်သက်တဲ့ ပညာ'ပဲ ဖြစ်ပါတယ်။

အဲဒီပညာမျိုးကို ဒီစာအုပ်က အစဖော် ပေးစွမ်းနိုင်တယ်ဆိုရင် မမှားပါဘူး။

**သတိပေးစကား။ ။**

အခု တင်ပြချက်ဟာ ငွေကြေးနှင့်ပတ်သက်လို့ သဲသဲမဲမဲတန်ဖိုးထားတဲ့လူလတ်တန်းစား ဘယ်သူ့ကိုမဆို


mgyoe.com

ကန့်လန့်တိုက်ပြီး နှောင့်ယှက်ရာ ရောက်ကောင်းရောက်နေပါလိမ့်မယ်။ အဲဒီ လူလတ်တန်းစားတွေထားတဲ့ စံတန်ဖိုးက 'အာမခံချက်ရှိတဲ့ အလုပ်တစ်ခုမှာအလုပ်သမားကောင်းတစ်ယောက် ဖြစ်နေဖို့၊ ခြိုးခြံချွေတာဖို့၊ ကိုယ်မျှော်မှန်းတာတွေထက် နှိမ့်ချခြိုးခြံနေဖို့၊ အငြိမ်းစားယူချိန်အတွက် ခုကတည်းက ငွေစုဖို့' တွေပါဝင်နေပါတယ်။

ခင်ဗျားအနေနှင့် ဒီစာအုပ်ပါ စိန်ခေါ်ချက်တွေကို စံထားနည်းယူဖို့ စိတ်အားထက်သန်မှု မရှိဘူးဆိုရင်တော့ ဖတ်နေရာက ခုချက်ချင်းပဲ ရပ်ပစ်လိုက်ပါ။

ဒါမှမဟုတ် ခင်ဗျားမှာ ငွေနှင့်စပ်လျဉ်းလို့ ရဲရင့်ထက်မြက်တဲ့ အကြံသစ်ဉာဏ်သစ်တွေကို လိုချင်ဇောနှင့် ရှာဖွေနေပါတယ်ဆိုရင်...

ဒီစာအုပ်ပါ တင်ပြချက်တွေဟာ ခင်ဗျားလိုက်ရှာနေတဲ့ ဥစ္စာပဲလို့ ပြောပါရစေ။

ကဲ၊ ခင်ဗျား တစ်သက်လုံး ငွေအတွက် ကျားကုတ်ကျားခဲ ချွေးသံရွှဲရွဲနှင့် ကုန်းရုန်းလုပ်စရာမလိုတော့ဘဲ ငွေက ခင်ဗျားအတွက် အားကြိုးမာန်တက် ဘယ်လိုအလုပ်လုပ်ပေးမလဲဆိုတာ သင်ယူဖို့ အဆင်သင့် ဖြစ်ပါပြီလား။


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK


# အခန်း ။ ၁ ။

mgyoe.com

mgyoe.com
SAMPLE BOOK

လူချမ်းသာ
နှင့်
လူဆင်းရဲ
အဖေ
နှစ်ယောက်

ကျွန်တော့်မှာ အဖေ နှစ်ယောက် ရှိပါတယ်။ တစ်ယောက်က ဆင်းရဲပြီး၊ တစ်ယောက်ကတော့ ချမ်းသာတယ်။

ဆင်းရဲတဲ့အဖေဟာ ဉာဏ်စွမ်းထက်သလို၊ အဆင့်မြင့် ပညာတတ်ကြီးတစ်ဦးလည်း ဖြစ်ပါတယ်။

သူက ပီအိပ်ချ် ဒီ ဒေါက်တာဘွဲ့ရထားသူပါ။

လေးနှစ်သင်ရမယ့် တက္ကသိုလ်ပညာကို နှစ် နှစ်ဘည်းနှင့် အပြီးသင်ခဲ့ပါတယ်။ ဒီနောက် စတင်းဖတ်တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်နှင့် အနောက်မြောက်တက္ကသိုလ်တွေကို ပညာသင်ထောက်ပံ့ကြေး အပြည့်နှင့် ဘွဲ့လွန် ဆက်တက်ခဲ့တာပါ။

အဖေ နောက်တစ်ဦးကတော့ ရှစ်တန်းနှင့် ကျောင်းထွက်ခဲ့ရသလို၊ ပညာရေးခရီး ဆုံးခန်းမတိုင်ခဲ့ရသူ ဖြစ်ပါတယ်။

နှစ်ယောက်စလုံးကတော့ ဘဝတစ်လျှောက်လုံး အပင်ပန်းခံ ကြိုးစားခဲ့ကြရာက သူ့နေရာနှင့်သူ ထူးချွန် အောင်မြင်သူတွေချည်းပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ယောက်စလုံးလည်း ဝင်ငွေကောင်းခဲ့ကြပါရဲ့။

တစ်ခုတော့ ရှိတယ်။ တစ်ယောက်က တစ်သက်လုံး ငွေသောကနှင့် ရုန်းကန်လှုပ်ရှားနေရချိန်မှာ၊ တစ်ခြားတစ်ယောက်ကတော့ ဟာဝိုင်ယီကျွန်းက အချမ်းသာဆုံးစာရင်းဝင် ဖြစ်ခဲ့ရတာပဲ။

အဲဒီတစ်ယောက်က အလှူအတန်းတွေပေး၊ ဘုရား ကျောင်းဆောက်၊ သူ့မိသားစုအတွက် ဒေါ်လာတွေ သန်းချီထားပစ်ခဲ့ပြီး ကွယ်လွန်သွားခဲ့တယ်။

ကျန်တဲ့တစ်ယောက် ကွယ်လွန်ချိန်မှာတော့ အကြွေးစာရင်းတွေပဲ ကျန်ခဲ့တာကလား။

နှစ်ယောက်စလုံးမှာ ကြံ့ခိုင်တဲ့ အားမာန်၊ ထူးခြားပြောင်မြောက်တဲ့ အရည်အသွေးနှင့် ဩဇာလွှမ်းမိုးနိုင်စွမ်းတွေ ကိုယ်စီရှိကြတယ်။

နှစ်ယောက်စလုံးက ကျွန်တော့်ကို အကြံတွေပေးကြပေမယ့်၊ သူတို့အကြံတွေဟာ တစ်ထပ်တည်းတော့ မကျခဲ့ဘူး။

သူတို့နှစ်ယောက်စလုံးက ပညာရေးဆိုတာကို အလေးအနက် ယုံကြည်ခဲ့ကြတယ်။ ဒါပေမယ့် သင်ပုံသင်နည်းတွေက တစ်ထပ်တည်းမကျဘဲ ကွဲပြားခြားနားခဲ့ပါတယ်။

ကျွန်တော့်မှာ အဖေ တစ်ယောက်တည်းရှိရင်တော့ သူ့အကြံကို လက်ခံဖို့နှင့် ပယ်ချဖို့ပဲ ရှိတာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

ခုတော့ အဖေ နှစ်ယောက်ဖြစ်သလို၊ နှစ်ယောက်စလုံး ကလည်း အကြံဉာဏ်တွေ အပြိုင်အဆိုင် ပေးနေကြတာ ဆိုတော့ ဆင်းရဲသူနှင့် ချမ်းသာသူတွေရဲ့ ဝိရောဓိအမြင် တွေ၊ အယူအဆတွေကို သုံးသပ်ရွေးချယ်ခွင့် ရခဲ့တယ် ဆိုရမှာပဲ။

ကျွန်တော့်အနေနှင့် တစ်ယောက်ယောက်ရဲ့ အယူအဆကို အလွယ်တကူလက်ခံ၊ ဒါမှမဟုတ် ပယ် ချလိုက်ရမယ့်အစား ချိန်ထိုးနှိုင်းယှဉ်ပြီး စဉ်းစားခွင့်တွေ ပိုရခဲ့တဲ့အပြင်၊ ကျွန်တော့်စိတ်ကြိုက် ရွေးချယ်ဆုံးဖြတ်ခွင့် တွေလည်း ရခဲ့တာ တွေ့ရပါတယ်။

ပြဿနာကတော့ အဲဒီအချိန်က အဖေနှစ် ယောက်အနက်မှာ ချမ်းသာတယ်ဆိုသူက တကယ်တမ်း မချမ်းသာသေးသလို၊ ဆင်းရဲတယ်ဆိုသူကလည်း တကယ့်တကယ် မဆင်းရဲခဲ့ရတာပါပဲ။

နှစ်ယောက်စလုံးဟာ အသက်မွေးဝမ်းကျောင်း အလုပ်တွေ စလုပ်ရုံပဲ ရှိကြသေးတယ်။ မိသားစုနှင့် ငွေကိစ္စကို ကြိုးစားပမ်းစားရုန်းကန်နေကြရဆဲ အခြေ အနေပါ။

အဲ... သို့ပေမယ့် သူတို့ဟာ ငွေအကြောင်း ပြောလာကြပြီဆိုရင်တော့ တစ်ယောက်နှင့် တစ်ယောက် အရှေ့နှင့် အနောက်လို ဆန့်ကျင်ဖိလာဖြစ်ကြပြီး မတူ ကွဲပြားတဲ့အမြင်တွေ ရှိလာကြပါရော။


mgyoe.com

mgyoe.com SAMPLE BOOK

ဥပမာဗျာ၊ အဖေတစ်ယောက်က ပြောလိမ့်မယ်။ "ငွေကို ချစ်ခင်မက်မောခြင်းဟာ ဆိုးရွားမှုအပေါင်းရဲ့ အခြေခံ အရင်းအမြစ်ပဲ"တဲ့။

နောက်တစ်ယောက်ကတော့...

"ငွေမရှိခြင်းဟာ ဆိုးရွားမှုအပေါင်းရဲ့အကြောင်း မူလ"တဲ့။

ဒီတင် ချာတိတ်လေးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ တစ်ယူသန် အဖေနှစ်ယောက်ကြားမှာ ဗျာများရတော့တာပဲ။

ကျွန်တော်ဆိုတဲ့ကောင်က မိဘစကားနားထောင်တဲ့ သားလိမ္မာလေးတစ်ယောက် ဖြစ်ချင်တာ။

ခုတော့ အဖေတွေက တစ်သံတည်းမထွက်တော့ ခက်ကရော။

သူတို့သဘောထားချင်း၊ အမြင်ချင်း ကွဲလွဲချက်က၊ အထူးသဖြင့် ငွေအကြောင်း ဖွင့်ဆိုလာကြတာက သိပ် တစ်ဘက်စွန်း ရောက်နေကြတာမဟုတ်လား။

ကျွန်တော်အဖို့ ဘယ်သူမှန်ပြီး၊ ဘယ်သူမှားသလဲ သိချင်စိတ်ဇော ဖြစ်ထွန်းလာပြီး ကျိတ်ပုန်းခုတ် အဖြေရှာခဲ့ရပါတော့တယ်။

သူတို့ တစ်ယောက်တစ်မျိုးပြောခဲ့တဲ့ အဆိုအမိန့်တွေကို အချိန်ကုန်ခံစဉ်းစားရင်း ဦးနှောက် စားခဲ့ ရတယ် ဆိုပါတော့။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီကြားထဲက ကိုယ့်ကိုယ်ကို ပြန် မေးခွန်းထုတ်ခဲ့တာလည်း ရှိရဲ့။

"သူ ဘာကြောင့် အဲသလို ပြောတာလဲ"

"နောက်တစ်ယောက်ကကော ဘာကြောင့် ဒီလိုပြောရတာလဲ"

ဘာပဲဖြစ်ဖြစ်၊ ဖြစ်ချင်တာတွေ ဖြစ်ဆိုပြီး မျက်စိမှိတ် ဆုံးဖြတ်လိုက်ရင်တော့ လွယ်လွယ်ကလေးပါ။

"ဟာ၊ ဟုတ်တယ်။ သူ မှန်တယ်။ သူပြောတာ ငါသဘောတူတယ်"လို့ ထောက်ခံပြီး...

"အဲ၊ ဟိုလူကြီးကတော့ သူ ဘာပြောလို့ ပြောမှန်း မသိဘူး"လို့ ပယ်ချလိုက်ရုံပါပဲ။

ခက်ထာက အဲဒီ အဖေနှစ်ဦးစလုံးကို ကျွန်တော်ချစ်သလို၊ သူတို့ကလည်း ကျွန်တော်ဘာသာ စဉ်းစားပြီး နောက်ဆုံး ကြိုက်ရာရွေးဖို့ လမ်းဖွင့်ထား၊ တိုက်တွန်းအားပေးထားခဲ့ကြတာကလား။

ဒီလိုနှင့် လောလောဆယ် တိုးတက်ဖြစ်ထွန်းမှု ရလိုက်တာက ရှုထောင့်တစ်ဘက်တည်းနှင့် လက်ခံမယ်၊ လက်မခံဘူး တန်း ဆုံးဖြတ်လိုက်တာထက် ကိုယ်တိုင် အချိန်ယူစဉ်းစားခွင့် ရလိုက်တာဟာ ရေရှည်ဘဝခရီး အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ နည်းလမ်းတစ်ခုအဖြစ် သိလိုက် ရခြင်းပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

ချမ်းသာသူတွေက ပိုချမ်းသာလာပြီး၊ ဆင်းရဲသူတွေက ပိုဆင်းရဲသွားတဲ့ အကြောင်းရင်းနှင့် လူလတ်တန်းစားတွေ ကြွေးတင်ကျွန်ဖြစ် နွံနစ်ရုန်းကန်နေကြရတဲ့ အကြောင်းရင်းဟာ 'ငွေ'နှင့် ပတ်သက်တဲ့ ဘာသာရပ်ကို ကျောင်းမှာမသင်ခဲ့ရဘဲ အိမ်မှာသာ သင်ခဲ့ကြရလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အများစုအနေနှင့် ငွေအကြောင်းကို မိဘတွေဆီကသာ သင်ကြားခဲ့ရတာပါ။

ဒီတော့ ဆင်းရဲတဲ့ မိဘတွေက သူတို့သားသမီးတွေကို ငွေအကြောင်း 'ဘာတွေ'၊ 'ဘယ်လောက်'သင်ပေးနိုင်မှာလဲ။

သမားရိုးကျအတိုင်း သူတို့ ပြောရုံပဲ ရှိမှာပေါ့။

"ကျောင်း မှန်မှန်တက်၊စာ ကြိုးစား"ဆိုတာလေ။

ကလေးက အကောင်းဆုံး ဂုဏ်ထူးအဆင့်တွေနှင့် ဘွဲ့ရကောင်း ရသွားပါလိမ့်မယ်။ ဒါပေမယ့် ဆင်းရဲတဲ့ မိဘတွေရဲ့ စီးပွားရေးဇယားချပြီး စိတ်ဓာတ်ပုံသွင်းပေးတဲ့အတိုင်းပဲ ဖြစ်သွားမှာပါပဲ။ ဒါဟာ ငယ်ရွယ်စဉ်ကလေးဘဝမှာ သင်ကြားခဲ့ရတဲ့ ပုံစံပဲလေ။

* * *

ငွေအကြောင်း ကျောင်းမှာ မသင်ကြရပါဘူး။ ကျောင်းတွေဆိုတာကလည်း ကျောင်းစာလောက်နှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်ထူးချွန်ဖို့လောက်သာ


mgyoe.com

mgyoe.com

အာရုံစိုက်ကြတာ။ ငွေ ဘယ်နည်းနှင့် ဘယ်လောက်ရအောင် ရှာရမလဲဆိုတာတွေ မပါပါဘူး။

ဒီအချက်က ဘဏ်သူဌေးကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ ငွေစာရင်းကိုင်အရာရှိကြီးတွေဟာ ကျောင်းမှာ အကောင်းဆုံးအောင်မှတ်တွေ ရခဲ့လျက်သားနှင့် ဘဝတစ်သက်လုံး ငွေနှင့် နပန်းလုံးနေကြရတဲ့အဖြစ်ကို မီးမောင်းထိုးပြ၊ သက်သေခံနေပါတယ်။

* * *

သူတို့ဟာ တကယ့် မဟာပညာကျော်၊ ပညာတတ်ကြီးတွေဖြစ်ပေမယ့် 'ငွေကြေး'နှင့် ပတ်သက်တဲ့ ဘာသာရပ်ကို လေ့လာသင်ယူမှု အနည်းအကျဉ်း၊ ဒါမှမဟုတ် လုံးဝ မရှိခဲ့ကြလို့ပါပဲ။

တကယ်လို့များ သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် အခမဲ့ ဆေးဝါးကုသမှု ရန်ပုံငွေတွေ ပြတ်သွားရင် ဘာတွေ ဖြစ်ကုန်မလဲလို့ ကျွန်တော် မကြာမကြာ မျှော်တွေးမိတယ်။

လူ သန်းနှင့်ချီပြီးအတွက် ဆေးဝါးတွေ၊ ငွေကြေးထောက်ပံ့ရေးအကူအညီတွေ လိုလာတဲ့အခါ နိုင်ငံတစ်နိုင်ငံကို ဘယ်လို ကယ်ဆယ် ရပ်တည်ပေးနိုင်ပါ့မလဲ။


သူတို့ရဲ့အစိုးရ၊ သို့တည်းမဟုတ် မိသားစုအပေါ်မှာ ငွေရေးကြေးရေးအရ မှီခိုအားထားနေရတဲ့လူတွေ


mgyoe.com

mgyoe.com SAMPLE BOOK

အဆမတန် များလာပြီဆိုရင်ကော နိုင်ငံအနေနှင့် ဘယ်လိုလုပ်မလဲ။

* * *



*ကျွန်တော့်မှာ ဩဇာ ကြီးမားတဲ့ အဖေနှစ်ယောက် ရှိခဲ့တာကြောင့်...*

ကျွန်တော့်မှာ ဩဇာကြီးမားတဲ့ အဖေနှစ်ယောက် ရှိခဲ့တာကြောင့် သူတို့နှစ်ယောက်လုံးဆီက ပညာတွေ ရခဲ့ပါတယ်။

သူတို့ တစ်ယောက်စီရဲ့ အကြံဉာဏ်တွေကို ကျွန်တော် စဉ်းစားသုံးသပ်ခွင့် ရခြင်းအားဖြင့်လည်း အတွေးအခေါ်တွေဟာ ဘဝကို ပြဌာန်းသလို၊ စွမ်းအားသတ္တိတွေ ရှိတယ်ဆိုတဲ့ အဖိုးတန်အမြင်ကို ထိုးထွင်း ရရှိခဲ့ရပါတယ်။


mgyoe.com

mgyoe.com


ဥပမာ တစ်ယောက်သောအဖေဆိုရင်...

"ငါ ဒါတော့ မတတ်နိုင်ဘူးကွာ"လို့ ပြောတတ်တာ အကျင့်ပါနေပြီ။

နောက်အဖေတစ်ယောက်ကတော့ အဲဒီစကားနှင့် ဆန့်ကျင်ဘက် အတိုက်အခံပဲ။

"ဘယ်နည်းနှင့် ငါ လုပ်လို့ရနိုင်မလဲ"ပဲ ပြောတယ်။

တစ်ခုက ဖော်ထုတ်ချက်ဖြစ်ပြီး၊ တစ်ခုကတော့ မေးခွန်းပါ။

တစ်ယောက်က အေးအေးသက်သာနှင့် အားလျှော့တဲ့အသံ။

ကျန်တစ်ယောက်ရဲ့အသံကတော့ တွေးတောစဉ်းစားဖို့ အားမာန်တင်းလိုက်တာ။

ကျွန်တော့်ရဲ့ အဖေနှစ်ယောက်စလုံး အလုပ်ကို ပြင်းပြင်းထန်ထန် ကြိုးစားကြတဲ့တိုင်အောင် ပထမအဖေက ငွေနှင့်ပတ်သက်လာတာနှင့် သူ့ဦးနှောက်ကို အနားပေး 'သိပ်'ပစ်လိုက်တော့တာပဲ။ အဲ၊ ဒုတိယအဖေကတော့ သူ့ဦးနှောက်ကို အမြဲ လန်းဆန်းနေဖို့ နိုးကြွလာအောင် လေ့ကျင့်တယ်။

ရေရှည်မှာ ရလာတဲ့အဖြေကတော့ ပထမအဖေဟာ ငွေရေးကြေးရေးအရ ချို့တဲ့သည်ထက် ချို့တဲ့လာ


mgyoe.com

mgyoe.com SAMPLE BOOK

ပြီး၊ ဒုတိယအဖေကျတော့ ငွေအား ကောင်းသည်ထက် ကောင်းလာတာပါပဲ။

* * *

ကျွန်တော့်အဖေနှစ်ယောက်ရဲ့ စိတ်ဓာတ်၊ သဘောထား၊ ဝါဒတွေကလည်း ပြဒါးတစ်လမ်း သံတစ်လမ်းဆိုသလို တစ်ယောက်နှင့်တစ်ယောက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလေရဲ့။

တစ်ယောက်က အကြံပြုတယ်။

"စာကြိုးစားကွ။ ဒါမှ ကုမ္ပဏီကောင်းကောင်းတစ်ခုမှာ မင်း 'ဝင်လုပ်'နိုင်မှာ"တဲ့။

တစ်ယောက်က "စာကြိုးစားကွ။ ဒါမှ ကုမ္ပဏီကောင်းကောင်းတစ်ခုကို 'ဝယ်'နိုင်မှာ"။

တစ်ယောက်က "ငွေရေးကြေးရေး စီးပွားရေးကိစ္စတွေကို စားရင်းသောက်ရင်း မပြောနှင့်"လို့ တားမြစ်တယ်။

တစ်ယောက်က လုပ်ငန်းကိစ္စနှင့် ငွေအကြောင်း ညစာစားဝိုင်းမှာ ပြောတာကို အားပေးတယ်။


mgyoe.com

တစ်ယောက်က...

"ငွေနှင့် ပတ်သက်လာရင် ကျစ်နေအောင် ဆုပ်ထား။ ပိုင်အောင်လုပ်။ အရဲစွန့်ရတာမျိုး မလုပ်နှင့်"လို့ ပြောတယ်။

နောက်တစ်ယောက်က...

"ငွေကိစ္စနှင့် စွန့်စားရတာတွေကို နိုင်နိုင်နင်းနင်း ဖြစ်အောင် လေ့လာသင်ယူ"တဲ့။

တစ်ယောက်က ခုလို ယုံကြည်တယ်။

"တို့ရဲ့အိမ်ဟာ တို့ရဲ့ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သလို၊ ရောမပိုင်ဆိုင်မှုကြီးပဲ"

နောက်တစ်ယောက် ယုံကြည်တာကတော့...

"အိမ်ဆိုတာက ထိုက်သင့်သလောက်သာ လိုအပ်ပြီး မင်းအိမ်မှာ မင်းရဲ့ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှု လုပ်လိုက်တာနှင့် ဒုက္ခရောက်ပြီသာ မှတ်ပေတော့"တဲ့။

* * *

အဖေတစ်ယောက်က သူနှင့် သူ့လိုအုပ်ချက်တွေကို ကုမ္ပဏီတစ်ခုက ဒါမှမဟုတ် အစိုးရက တာဝန်ယူစောင့်ရှောက်လိမ့်မယ်လို့ ယုံစားတယ်။

သူက သူ့လစာတိုးရေး၊ အငြိမ်းစားယူရေး၊ ဆေးကုသရေး၊ ဆေးခွင့်နှင့် အားလပ်ခွင့် ရရှိရေး၊ ဟိုအရေး


mgyoe.com

mgyoe.com SAMPLE BOOK

ဒီအရေးအားလုံးကို အစိုးရအပေါ်ပဲ မျက်နှာလွှဲ ပုံအပ်ထားလေရဲ့။

သူ အမှုထမ်းသက်တစ်လျှောက်လုံး တက္ကသိုလ်ဌာနဆိုင်ရာက တာဝန်ယူခဲ့တာကိုပဲ တသသနှင့် အားရပီတိ ဖြစ်လို့မဆုံးတော့ပါဘူး။

သူ့အလုပ်က တစ်သက်စာ ဘဝလုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်ပေးခဲ့တာနှင့် အလုပ်က ရရှိတဲ့ အကျိုးခံစားခွင့်တွေဟာ အလုပ်ထက် ပို အရေးပါတယ်လို့ ယူဆခဲ့တယ်။

သူ မကြာမကြာ ပြောလေ့ရှိတာကတော့...

"ငါက အစိုးရအတွက် အရိုးကြေကြေအရေခန်းခန်း အမှုတော်ထမ်းခဲ့လို့ ဒီခံစားခွင့်တွေနှင့် ပြန်ပြီး ဂုဏ်ပြုချီးမြှင့် ခံရတာပေါ့..."တဲ့။

နောက်အဖေကတော့ကိုယ့်အစွမ်းအစနှင့် ငွေတွေတစ်လုံးတစ်ခဲကြီးရတာကိုပဲ အလေးထားတယ်။

'ဂုဏ်ပြုတယ်'ဆိုတာကို စိတ်ဓာတ်အရ ဆန့်ကျင်ကြောင်း ဖွင့်ပြောရုံမက၊ ငွေလိုနေတဲ့လူတွေကို ပိုအားငယ်သွားအောင်သာ ဖန်တီးသလိုဖြစ်တဲ့အကြောင်း ထောက်ပြတယ်။

အဖေတစ်ယောက်က ဒေါ်လာအနည်းငယ်ကို ခြစ်ခြစ်ကုပ်ကုပ်စုဖို့ ရုန်းကန်ကြိုးစားနေရတယ်။


mgyoe.com

mgyoe.com

နောက်တစ်ယောက်ကတော့ ရင်းနှီးမြှုပ်နှံမှုတွေ အသာလေး လုပ်နေတယ်။

အဖေတစ်ယောက်က အလုပ်ကောင်းရဖို့ ကိုယ်ရေးရာဇဝင်အကျဉ်း ရေးပုံရေးနည်းကို ပိုင်နေအောင် သင်ပေးတယ်။

နောက်အဖေက ခိုင်မာတဲ့လုပ်ငန်းတွေနှင့် ငွေကြေးစီးပွားရေးစီမံချက်တွေ ဘယ်လိုရေးရမယ်ဆိုတာ သင်ပေးတယ်။ "ဒါမှ ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်နိုင်မှာပေါ့"တဲ့။

* * *

တစ်ယူသန်အဖေနှစ်ယောက်ရဲ့ အဆိုအမိန့်တွေက နှစ်ဦးသား အမြင်အတွေး၊ အယူအဆ မတူကြတဲ့ အလျောက် သူတို့ဘဝတွေကိုလည်း ခြားနားစေခဲ့တယ်ဆိုတာ မျက်ဝါးထင်ထင်လေ့လာဖို့ အခွင့်ကောင်းကို ရရှိစေခဲ့ပါတယ်။

ဥပမာအနေနှင့် ဆင်းရဲဖေဖေက အမြဲပြောလေ့ရှိတယ်လေ။

"ငါ ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ပါဘူး" တဲ့။

အဲသလို သူ့ကိုယ်သူ ဟောကိန်းထုတ်ခဲ့တဲ့ အတိုင်းလည်း တကယ် ဖြစ်လာခဲ့တာကလား။


mgyoe.com

တစ်ဘက်က ချမ်းသာဖေဖေကတော့ သူ့ကိုယ်သူ သူဌေးလို့ အမြဲပဲ မှတ်ယူဖော်ညွှန်းနေကျ။

အကြောင်းဆိုက်လာပြီဆိုတိုင်း...

"ငါက သူဌေးကွ။ သူဌေးတွေဟာ ဒီလိုဘယ်တော့မှ မလုပ်ဘူး"လို့ ပြောစမြဲ။

တိုင်းပြည်နှင့်ချီပြီး စီးပွားရေးကျဆင်းလို့ လုပ်ငန်းတွေ ပျက်ကုန်ရတဲ့အချိန်မှာတောင် သူက သူဌေးအဖြစ်က တစ်ပြားသားမှ မလျှော့ဘူးလေ။

သူ့ကိုယ်သူ သူဌေးလို့လက်မထောင်ရင်းကပဲ...

"မွဲသွားတာနှင့် စီးပွားပျက်တာ တခြားစီပဲကွ။ စီးပွားပျက်တယ်ဆိုတာက ယာယီပဲ။ ဆင်းရဲမွဲတေသွားတာကသာ ထာဝရ"

ဆင်းရဲဖေဖေရဲ့ လက်သုံးစကားတစ်ခွန်း ရှိပါတယ်။

"ငါက ငွေကို စိတ်မဝင်စားဘူးကွ"တဲ့။

တစ်ခါတရံလည်း...

"ငွေက အရေးမကြီးပါဘူးကွာ"တဲ့။

သူဌေးဖေဖေကတော့...

"ငွေဟာ တန်ခိုးစွမ်းအားပဲကွ"လို့ ပြောနေကျ။



mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့ စိတ်ကူးဉာဏ်တွေ၊ အတွေးအကြံတွေရဲ့ စွမ်းအားကို တိုင်းတာခန့်မှန်းလို့၊ တန်ဖိုးဖြတ်လို့ ဘယ်တော့မှ ရမှာမဟုတ်ပါဘူး။

ဒါပေမယ့် ချာတိဝတ်တစ်ယောက်သာဖြစ်တဲ့ ကျွန်တော့်အဖို့ ကိုယ်စိတ်ကူးဉာဏ်တွေကို ဂရုစိုက် အရေးထားပြီး ကိုယ့်ကိုယ်ကိုယ် ပုံဖော်ဖို့ လိုအပ် တယ်ဆိုတာ အတိအလင်း သိလာရပါတယ်။

ဆင်းရဲဖေဖေ ဆင်းရဲရတာဟာ သူရတဲ့ ငွေကြေး ပမာဏအပေါ် မူမတည်ဘဲ၊ သူ့အတွေးနှင့် သူ့လုပ် ရပ်တွေကြောင့်သာ ဖြစ်တယ်ဆိုတာ ထင်ထင်ရှားရှား သတိပြုမိခဲ့ပါပြီ။

လူငယ်တစ်ယောက်အနေနှင့် ကျွန်တော့်ဘဝကို တည်ဆောက်ရာမှာ ဘယ်ပုံစံကို အတုယူပြီး၊ ဘယ် အတွေးတွေကို ဦးစားပေးရမယ်ဆိုတာ ပြတ်ပြတ်သား သား ရွေးရပါတော့မယ်။

အဖေနှစ်ယောက်စလုံးက ပညာရေးနှင့် သင်ယူ ရေးအပေါ် အလွှန့်အလွှန် ထူးထူးကဲကဲကြီး အလေး ပေးကြပေမယ့်၊ ဘယ်ပညာကို သင်ဖို့ အရေးကြီးတယ်လို့ ဆိုရာမှာတော့ သဘောချင်း မတိုက်ဆိုင်ကြတော့ပါဘူး။

တစ်ယောက်က ကျွန်တော့်ကို ကြိုးစားပြီး စာ သင်၊ ဘွဲ့တစ်ခု ယူ၊ ငွေရအောင်လုပ်ဖို့ အလုပ်ကောင်း တစ်ခု ရှာစေချင်တယ်။ သူက ကျွန်တော့်ကို ပညာရှင်


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်၊ ရှေ့နေကျော်တစ်ယောက်၊ ဒါမှမဟုတ် စီးပွားရေးတက္ကသိုလ်သွားပြီး စီးပွားရေးစီမံခန့်ခွဲမှု (အမ်ဘီ အေ)ဘွဲ့ရတစ်ဦး ဖြစ်စေချင်တယ်။

နောက်တစ်ယောက်ကတော့ ချမ်းသာဖို့၊ ငွေအလုပ်လုပ်ပုံတွေနှင့် ငွေကိုခိုင်းစားတဲ့ ပညာတွေ အတတ်သင်ဖို့ တိုက်တွန်းနေတယ်။

ကျွန်တော်ဟာ ကိုးနှစ်သားအရွယ်မှာတင် သူဌေးဖေဖေစကား နားထောင်ပြီး၊ သူ့ဆီက ငွေအကြောင်းတွေ သင်ကြားဖို့ ဆုံးဖြတ်လိုက်မိပါတော့တယ်။

ဆုံးဖြတ်ချက် ချပြီးသွားတာနှင့်တစ်ပြိုင်နက် တက္ကသိုလ်ပေါင်းစုံက ဘွဲ့တွေ တစ်လှေကြီးရထားတဲ့ ဆင်းရဲဖေဖေရဲ့စကားကို နားထောင်လို့ မဖြစ်တော့ဘူးလို့ နားလည်လိုက်ရပါတယ်။

ပြီးတော့ ဒီလိုဆုံးဖြတ်လိုက်တာဟာ အားလုံးကို ပြောင်းလဲခြားနားအောင် လုပ်ပစ်လိုက်တာပါပဲ။

တကယ့် အဓိပတိ ပညာတတ်ကြီးဖြစ်တဲ့ အဖေ့စကားကိုပစ်ပယ်ပြီး ငွေနောက်လိုက်ရတော့မယ်ဆိုတာ ရင်နာစရာတော့ အကောင်းသား။ စင်စစ်မှာလည်း ကျွန်တော် မချိမဆုံ့ ခံစားခဲ့ရပါတယ်။

ဒါပေမယ့် ဆုံးဖြတ်ချက်ကတော့ ကျွန်တော့်ဘဝကို မြင့်တင်ပေးခဲ့တာလည်း အမှန်ပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်သူဌေးဖေဖေဟာ ကျွန်တော့်ကို အနှစ်သုံးဆယ်ကျော်ကျော် (ကျွန်တော်အသက် ၃၉နှစ် ရောက်တဲ့အထိ) သင်ကြားပေးခဲ့ပါတယ်။

တစ်ခါတစ်ခါ ခပ်ထိုင်းထိုင်းဦးနှောက်ထဲကို ခပ်ပြင်းပြင်းလေး ရိုက်သွင်းပေးရာက ကျွန်တော် အတော်လေး ပညာပြည့်ပြီထင်မှ သူက ပညာပေးမှု ရပ်နားလိုက်တာပါ။



*ငွေဆိုတာ ဝင်လိုက်ထွက်လိုက်ပဲ မဟုတ်လား ...*

ငွေဟာ တန်ဖိုးအာဏာရဲ့ ပုံစံတစ်မျိုးပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ငွေကြေးဆိုင်ရာပညာက ပိုပြီး တန်ခိုးစွမ်းအား ကြီးပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ငွေဆိုတာ ဝင်လိုက်ထွက်လိုက်ပဲ မဟုတ်လား။

အဲ... ငွေက ဘယ်လို လှုပ်ရှား လုပ်ကိုင်သွားတယ်ဆိုတဲ့ပညာကို လက်ကိုင် ရထားရင်တော့၊ ငွေကို ဩဇာပေးနိုင်တဲ့ တန်ခိုးအာဏာတွေ ရှိသွားတာနှင့်အမျှ ကြွယ်ဝချမ်းသာမှုကို တည်ဆောက်ဖို့ အစပျိုးနိုင်ပါပြီလေ။

အကောင်းမြင် အတွေးတစ်မျိုးတည်းကို ကိုင်စွဲထားတာဟာ အလုပ် မဖြစ်ပါဘူး။

ကြည့်လေ။ လူအများစုဟာ ကျောင်းသွားကြပေမယ့် ငွေ ဘယ်လို အလုပ်လုပ်တယ်ဆိုတာတွေ မသင်ရတော့၊ သူတို့ဟာ ငွေကျွန်ဘဝပဲ ရောက်သွားကြရတော့တာကလား။

ကျွန်တော် 'ငွေပညာ' စသင်ချိန်မှာ ကိုးနှစ်အရွယ်သာရှိသေးလို့ သူဌေးဖေဖေသင်ပေးတဲ့ သင်ခန်းစာတွေဟာ မိတ်ဆက်နိဒါန်းလောက်သာ ရှိပြီး လွယ်လည်း လွယ်ပါတယ်။

သူ့သင်ခန်းစာတွေက အဖြေပေးဖို့ မဟုတ်ဘဲ၊ လမ်းညွှန်မှတ်တိုင်တွေသာ ဖြစ်ခဲ့ပါတယ်။

အဲဒီ လမ်းညွှန်မှတ်တိုင်တွေဟာ ကမ္ဘာကြီး ကျွမ်းထိုးမှောက်ခုံ ဘာတွေပဲဖြစ်နေဖြစ်နေ ချမ်းသာကြွယ်ဝမှု တိုးပွားကြီးထွားအောင် ကူညီပေးပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK 

# အခန်း ။၂။



mgyoe.com

mgyoe.com SAMPLE BOOK

သူဌေးဟာ
ငွေအတွက်
မလုပ်ပါ

"ဖေဖေ ချမ်းသာအောင် ဘယ်လို လုပ်ရမလဲ ဟင်"

ကျွန်တော့်ဖေဖေက ညနေ သတင်းစာကို ဖတ်နေရာက ချလိုက်ပြီး...

"ဘာလို့ ချမ်းသာချင်ရတာလဲ ငါ့သား"

"ဘာကြောင့်လဲဆိုတော့ ဒီနေ့ ဂျင်မီ့အမေက ကာဒီလက်ကားသစ်ကြီး မောင်းလာပြီး ပင်လယ်ကမ်းခြေက သူတို့ အပန်းဖြေအိမ်ကို ကျောင်းပိတ်ရက်သွားနေဖို့ လာခေါ်သွားတယ်။ ကျွန်တော်နှင့် မိုက်ကိုတော့ မခေါ်ဘူး။ သူတို့က ကျွန်တော်တို့ဟာ ဆင်းရဲသားလေးတွေမို့ မခေါ်တာလို့လည်း ပြောသွားသေးတယ်"

"သူတို့က အဲဒီအတိုင်းပဲ ပြောသလား"

ဖေဖေက မယုံနိုင်သလို ပြန်မေးတယ်။

"ဟုတ်တယ်။ အဲဒီအတိုင်း သူတို့ပြောတာ"

ကျွန်တော်က နာကြည်းသံဖြင့် ပြန်ဖြေလိုက်မိပါတယ်။



mgyoe.com

mgyoe.com

ဖေဖေက ဘာစကားမှ မပြောဘဲ ခေါင်းခါလိုက်ရာက မျက်မှန်ကို နှာရိုးအပေါ်ပင့်တင်ပြီး သူ့သတင်းစာ သူပြန်ဖတ်နေပါတယ်။ ကျွန်တော်ကတော့ သူ့အဖြေကို ရပ်စောင့်နေမိတုန်း။

ထိုအချိန်မှာ ၁၉၅၆ ခုနှစ် ဖြစ်ပါတယ်။ ကျွန်တော့်အသက်က ကိုးနှစ်သာရှိပါသေးသည်။ ကံကြမ္မာ၏ လှည့်စားမှုအရ သူဌေးသားသမီးတွေနှင့် တစ်ကျောင်းတည်း နေရတာပါ။

ကျွန်တော်တို့မြို့ကလေးဟာ ကြံကို အခြေခံအဓိကထားပြီး စိုက်ပျိုးကြတဲ့မြို့။ စိုက်ခင်းမန်နေဂျာများ၊ ဆရာဝန်ဝန်များ၊ ဘဏ်သူဌေးများ၊ လုပ်ငန်းရှင်များစတဲ့ မြို့မျက်နှာဖုံးများက သူတို့သားသမီးများကို ကျွန်တော်နေတဲ့ကျောင်းမှာ တစ်တန်းမှ ခြောက်တန်းအထိ ထားကြပါတယ်။

ခြောက်တန်းအောင်မှ ပုဂ္ဂလိကကျောင်းများသို့ လွှတ်လေ့ရှိလေရဲ့။

ကျွန်တော်က အဲဒီကျောင်းနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဘက်မှ နေတာမို့လို့သာ တက်ခွင့်ရတယ် ဆိုရမှာပါ။

တခြားလမ်းတွေမှာသာနေရင်တော့ ဘဝတူ မရှိမရှားမိသားစုတွေက ကလေးတွေလိုပဲ ကျွန်တော်လည်း အလတ်စားကျောင်းမှာ သွားနေရမှာပါပဲ။


mgyoe.com

mgype.com SAMPLE BOOK

နောက်ဆုံး ကျွန်တော့်ဖေဖေက သတင်းစာကို မျက်နှာက ခွာလိုက်ပါတယ်။ စောစောက အချိန်ယူပြီး သူတွေးနေတာ သေချာပါတယ်။

သူက စကားကို တစ်လုံးချင်း ပြောပါတယ်။

"ကောင်းပြီ သား။ မင်း ချမ်းသာချင်တယ်ဆိုရင် ငွေ ဘယ်လိုလုပ်ရမလဲဆိုတာ သင်ပေတော့"

"ကျွန်တော် ငွေကို ဘယ်လိုလုပ်ရမလဲ ဖေဖေ"

ကျွန်တော်က ပြန်မေးလိုက်တော့ သူက ပြုံးရင်းက...

"ဒါတော့ မင်းဦးနှောက် မင်း သုံးရမှာပေါ့ သားရယ်..."တဲ့။

သူ့စကားက...

"ငါပြောနိုင်တာတော့ ဒီလောက်ပဲ"

ဒါမှမဟုတ်။

"ငါတော့ အဖြေမသိဘူး။ မင်း ငါ့ကို အနှောင့် အယှက် မပေးပါနှင့်တော့"လို့ ဆိုချင်တဲ့ အဓိပ္ပာယ်ပါပဲ။

**သူငယ်ချင်းနှစ်ယောက် အစုစပ်လုပ်ငန်း**

နောက်တစ်နေ့။ ကျွန်တော်ဟာ အချစ်ဆုံး သူငယ်ချင်းမိုက်ကို ကျွန်တော့်ဖေဖေ ပြောလိုက်တဲ့စကားတွေ ပြန်ပြောပြမိတယ်။—

မိုက်နှင့် ကျွန်တော်ဟာ ကျောင်းမှာတော့ အဆင်းရဲဆုံးတွေပါပဲ။


mgype.com

mgyoe.com SAMPLE BOOK

မိုက်ဟာလည်း ကျွန်တော့်လိုပဲ ကံကောင်းထောက်မစွာနှင့် ဒီကျောင်းကို လာနေရတာပါ။

ကျွန်တော်တို့ဟာ ဆင်းဆင်းရဲရဲကြီး မဟုတ်ပေမယ့်တခြားကျောင်းသားတွေက ဘော့စ်ဘောလက်အိတ်အသစ်တွေ၊ စက်ဘီးအသစ်တွေ၊ ပစ္စည်းမှန်ဘီလူး အသစ်တွေချည်း သုံးနေကြတော့ အားငယ်မိတာပေါ့။

မေမေနှင့် ဖေဖေဟာ ကျွန်တော်ကို့အတွက် အခြေခံစားဝတ်နေရေးဖူလုံအောင်တော့ ထောက်ပံ့ပေးခဲ့ကြပြီးသားပဲ။ ဒါပေမယ့် ကျောင်းသားချင်းယှဉ်ရင် မျက်နှာငယ်ရတာကို မခံချင်ကြဘူး ဖြစ်နေကြတာပါ။

ဖေဖေရဲ့ ပြောနေကျစကားကတော့ ...

"မင်း တစ်ခုခုကို လိုချင်ရင် ရဖို့ အလုပ်,လုပ်ရမယ်..."တဲ့။

ကျွန်တော်တို့ လိုချင်တာတွေက တစ်ပုံကြီး။ ဒါပေမယ့် ကိုးနှစ်သားအရွယ်အတွက် လုပ်ရမယ့်အလုပ်ရယ်လို့ မရှိသလောက်။

"ဒါဖြင့်တို့ ငွေတွေရအောင် ဘာလုပ်ကြမလဲ"

မိုက်က ဖွင့်မေးတယ်။ ကျွန်တော်ကလည်း...

"ငါလည်း မသိဘူးကွ။ ဒါပေမယ့် မင်း ငါနှင့်စပ်တူ မလုပ်ချင်ဘူးလား"လို့ ပြောမိတယ်။

ဒီလိုနှင့် စနေနေ့တစ်မနက်မှာ မိုက်ဟာ ကျွန်တော့်လုပ်ငန်းရဲ့ ပထမဆုံး အစုစပ်ပါတနာ ဖြစ်ခဲ့ရပါတယ်။


mgyoe.com

mgyae.com  SAMPLE BOOK 

ကျွန်တော်တို့နှစ်ယောက်ဟာ ငွေကို ဘယ်လို လုပ်ရပါမလဲဆိုတာ တစ်မနက်လုံး စဉ်းစားရင်း အချိန်ကုန်ခဲ့ကြပါတယ်။

ဒီအထဲက ကြားဖောက်ပြီး ကျောင်းက 'မလိုင်စံကောင်'တွေ ဂျင်မိရဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေအိမ်မှာ သွားပျော်နေကြမယ့်အကြောင်းတွေ မကြာမကြာ ပါလာသေးတယ်။

အဲဒီကိစ္စဟာ ကျွန်တော်တို့ကို နည်းနည်း စိတ်ထိခိုက်စေပြီး၊ ဝေဒနာခံစားရတာ အမှန်ပါ။ ဒါပေမယ့် အဲဒီလို စိတ်နာခဲ့ရတာပဲ ခပ်ကောင်းကောင်း။ ဘာကြောင့်ဆို ကျွန်တော်တို့ကို ငွေရအောင်ရှာနည်းတွေ စဉ်းစားနိုင်းပြီး ဉာဏ်ကွန့်မြူးစေခဲ့လို့ပါပဲ။

နောက်ဆုံး အဲဒီညနေမှာပဲ ကျွန်တော်တို့ခေါင်းထဲကို အကြံတစ်ချက် ဝင်းခနဲ လက်ပြီး ဝင်လာပါရော။

အဲဒီအကြံကတော့ သိပ္ပံပညာပေး စာအုပ်တစ်အုပ်ထဲက မိုက်တွေ့လာတဲ့အကြံပါ။

သူငယ်ချင်းနှစ်ယောက်သား ဝမ်းသားအားရ လက်ဆွဲနှုတ်ဆက်လိုက်ရာက အကြံကို လက်တွေ့အကောင်အထည်ဖော်ဖို့ ပြင်ခဲ့ကြပါတယ်။

နောက် ရက်သတ္တပတ်ပေါင်းများစွာ ကျွန်တော်တို့ဟာ သွားတိုက်ဆေးဘူးအလွတ်တွေကို ရတတ်သမျှ လိုက်စုခဲ့ကြပါတယ်။


mgyae.com

mgyoe.com SAMPLE BOOK

လိုချင်သလောက် ရပြီလည်းဆိုရော၊ အရေကျို ပြီး ရလာတဲ့ သတ္တုရည်တွေကို ပလာစတာပုံစံခွက် တွေထဲ လောင်းထည့်ကြတာပါပဲ။

ကျွန်တော်တို့ရဲ့ ပထမဆုံးအသုတ် လက်စသတ် ချိန်မှာ ကျွန်တော့်ဖေဖေ ရောက်လာပြီး ရပ်ကြည့်ရာက ရှုံးစမ်းတဲ့အနေနှင့် ခပ်ပြုံးပြုံးလေးမေးပုံက...

"သားတို့ ဘာတွေ လုပ်နေကြတာလဲ"

"ဖေဖေပြောတဲ့အတိုင်း ငွေ လုပ်နေကြတာ လေ။ ကျွန်တော်တို့ သူဌေးဖြစ်ကြတော့မယ်ဗျ"



"ဖေဖေပြောတဲ့အတိုင်း ငွေလုပ်နေကြတာ"


mgyoe.com

mgyoe.com SAMPLE BOOK

ပြောပြောဆိုဆိုနှင့် ကျွန်တော်က ပုံစံခွက်တစ်ခုကို အဖုံးဖွင့်ပြီး ပြလိုက်ပါတယ်။ သတ္တုရောင် ပိုက်ဆံပြားတစ်ပြား ထွက်လာတယ်။

"ဘုရားသခင်။ မင်းတို့က ခဲထဲက နစ်ကယ် ထုတ်ပြီး ပိုက်ဆံလုပ်နေကြတာကိုး"

ဖေဖေက ပြုံးရင်းက ခေါင်းကို ခါယမ်းလိုက်ပါတယ်။

ပြီးတော့ ပိုက်ဆံကို အတုလုပ်လို့မရကြောင်းနှင့် အတုလုပ်တဲ့အပြစ်တွေကိုပါ ရှင်းပြပါလေရော။

ကျွန်တော်တို့ အိပ်မက်လေးလည်း ပြိုပျက်သွားရပါပြီ။

"အန်ကယ်ဆိုလိုတာက ကျွန်တော်တို့ဟာ ဥပဒေချိုးဖောက်ရာ ရောက်တယ်ပေါ့။ ဟုတ်လား"

မိုက်က အသံတုန်တုန်နှင့် ဖွင့်ပေးတယ်။ ဖေဖေက အေးအေးသက်သာပဲ။

"ဟုတ်တယ်။ ဥပဒေနှင့် မလွတ်ဘူး။ ဒါပေမယ့် မင်းတို့ကလေးတွေအနေနှင့် အရာမထင်ပါဘူးကွာ။ သားတို့မှာ တီထွင်ဉာဏ်နှင့် စိတ်ကူးဉာဏ် ကြီးကြီးကျယ်ကျယ်ရှိတာကို ပြလိုက်တာပဲ။ ဆက်လုပ်၊ မင်းတို့အတွက် ဖေဖေ ဂုဏ်ယူတယ်ဟေ့"

ဘာပဲပြောပြော ကျွန်တော်နှင့် မိုက် စိတ်ပျက်သွားကြရပါတယ်။ ကျွန်တော်က မေးမိတယ်။


mgyoe.com

"ဖေဖေ၊ ဖေဖေကော ဘာကြောင့် မချမ်းသာခဲ့ရတာလဲ"

"ဖေဖေက ကျောင်းဆရာဘဝကို ရွေးခဲ့တာကိုးကွ။ ကျောင်းဆရာဆိုတာ သူဌေးဖြစ်ဖို့ စဉ်းစားကြတာ မဟုတ်ဘူး။ တို့က စာသင်ပေးနေရုံရင်ပဲ ကျေနပ်နေပြီ။ သားတို့ကို ဖေဖေ ကူညီဖို့ ဆန္ဒရှိပါတယ်။ ဒါပေမယ့် ငွေ ဘယ်လိုလုပ်ရမယ်ဆိုတာ ဖေဖေ တကယ်မသိတာပါ"

မိုက်နှင့် ကျွန်တော်ဟာ ကျွန်တော်တို့ အလုပ်ခန်းလေးကို ပြန်ရှင်းလင်းသိမ်းဆည်းနေဆဲမှာပဲ ဖေဖေက...

"အဲ၊ ဟုတ်ပြီ။ သားတို့ ချမ်းသာနည်းကို သိချင်တယ်ဆိုရင်တော့ အန်ကယ့်ကို မမေးနှင့်။ မင်းဖေဖေကြီးနှင့်သာ ပြောပေတော့ မိုက်"

"ကျွန်တော့်ဖေဖေ၊ ဟုတ်လား"

မိုက်က ရှုံ့မဲ့မဲ့မျက်နှာလေးနှင့် ပြန်မေးတော့...

"ဟုတ်တယ်။ မင်းဖေဖေ"

ကျွန်တော့်ဖေဖေက ပြုံးပြုံးလေးနှင့် ထပ်ပြောလိုက်ပါတယ်။

"မင်းအဖေနှင့် အန်ကယ်တို့ရဲ့ ဘဏ်ပိုင်ရှင်ဟာ တစ်ယောက်တည်းပဲကွ။ ဘဏ်ပိုင်ရှင်က မင်းအဖေအကြောင်း တဖွဖွ ပြောလို့ မဆုံးဘူး။ အဲဒီထဲမှာ မင်း



mgyoe.com